ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၄၅) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်**

**( ၂၀၁၅ ခုနှစ်၊ မေလ ၁၁ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၄၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၄)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၅.၅၈) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၄၅)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ**
**ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးမြတ်ကို၊ စစ်ကိုင်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အစည်းအဝေး။ ဦးနှင်းဝေ၊ ကယား(၁၂)၊ အရိုးခွဲစိတ်ကုသ။ ဦးမနားနိုင်း၊ ချင်း(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါ်နန်းနီနီအေး၊ ကရင်(၆)၊ ပြည်ပခရီးစဉ်။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ဥပဒေကြမ်း ကော်မတီတာဝန်။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဒုတိယဗိုလ်မှူးကြီးလှိုင်ဝင်း၊ တပ်မတော်၊ တာဝန်။ ဒုတိယဗိုလ်မှူးကြီးမင်းသူ၊ တပ်မတော်၊ တာဝန်။ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ ကျန်းမာရေး။ ဦးဖေသောင်း၊ ကချင် (၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောမော်ထွန်း၊ ပဲခူး(၁)၊ ကျန်းမာရေး။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ကျန်းမာရေး။ ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်း(၆)၊ ပြည်ပခရီးစဉ်။ ဦးခမ်ဆွမ်းမုန်၊ ချင်း(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဂျေယောဝူ၊ ကချင်(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ကျန်းမာရေး။ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ပြည်ပခရီးစဉ်။ ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊ ပြည်ပခရီးစဉ်။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ခုံရုံး၏ ယာယီသက်သေခံလက်မှတ်ကိစ္စ ကြားနာရန်။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ဖွံ့ဖြိုးရေး။ ဦးစခုန်တိန့်ယိန်း၊ ကချင်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဒေါက်တာလှသိန်း၊ မွန်(၆)၊ ကျန်းမာရေး။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)ကိုယ်တိုင် ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၈)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၁)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀:၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းများဟာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်း ပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မလှိုင်မြို့နယ်၊ သပြေပင်အုပ်စု၊ သံပရာကန်ကျေးရွာ အနီးရှိ သံပရာကန်အား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစိုးအောင် က မလှိုင်မြို့နယ်၊ သပြေပင်အုပ်စု၊ သံပရာကန်ကျေးရွာ အနီးရှိ သံပရာကန်အား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကော်မရှင်အဖွဲ့ဝင် ပညာရှင်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင် ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မလှိုင်မြို့နယ်၊ သပြေပင်အုပ်စု၊ သံပုရာကန်ရွာအနီးရှိ သံပုရာကန်အား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်မြေဖြစ်တဲ့ မလှိုင်မြို့နယ်၊ သံပုရာကန် ရွာအနီးရှိ သံပုရာကန်ဟာ ရွာ၏တောင်ဘက်တွင် တည်ရှိပါတယ်။ ၁၉၆၂ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၀ ခုနှစ်တွင် ပြုပြင်မွမ်းမံမှုများ ပြုလုပ်ခဲ့ပါတယ်။ ရေဆင်းဧရိယာ (၄)စတုရန်းမိုင်ရှိပြီး ရိုး(၃)ရိုးမှ စီးဆင်းလာသော ရေများအား ကန်ပေါင်အလျား (၁၅၀၀)ပေ၊ ထိပ်ပြင် အကျယ် (၁၂)ပေ၊ ကန်ပေါင်အမြင့် (၅)ပေမှ (၁၀)ပေခန့်ရှိသော ကန်ကြီးမှ သိုလှောင်ထားပြီး ကျေးရွာ လူထုအတွက် သောက်သုံးရေ အဓိကအားထားရသော ကန်ဖြစ်ပါတယ်။ ရွာရှိ အိမ်ခြေ(၁၀၈)အိမ်၊ လူဦးရေ (၆၁၁)ဦး၊ ကျွဲ၊ နွားတိရစ္ဆာန်(၇၀၀)တို့ကို သောက်သုံးရေအတွက် ၎င်းကန်ကို အားကိုးအားထား ပြုနေရသော ကန်လည်း ဖြစ်ပါတယ်။

၎င်းကန်ကြီးသည် နှစ်လကြာမြင့်ခဲ့ပြီဖြစ်၍ သဲနုန်းပို့ချမှုကြောင့် ကန်ကောလာ၍ ရေသိုလှောင်မှု လျော့နည်းလာခြင်း၊ ကန်ပေါင်အခြေနေရာများ၊ ထူးပေါက်များ၊ ရေစားကျောက်များ ဖြစ်ပေါ်နေခြင်း၊ (၉၃)ပေအကျယ်ရှိ ရေပိုလွှဲပျက်စီးနေခြင်း၊ ရေတံခါးပျက်စီးယိုယွင်းနေခြင်းများ ဖြစ်ပေါ်လျက်ရှိပါတယ်။ ၎င်းကန်အား ကန်အတွင်း သဲနုန်းတူးဖော်ခြင်း၊ ကန်ပေါင်ပုံစံကျ ပြုပြင်ခြင်း၊ ရေပိုလွှဲပြုပြင်မြှင့်တင်ပေးခြင်း၊ ရေထုတ်ပြွန် ပြုပြင်ဆောင်ရွက်ပေးမည်ဆိုပါက ကန်အတွင်း ရေပိုမို သိုလှောင်နိုင်မှာ ဖြစ်ပါတယ်။ တစ်နှစ်စာ နှစ်ပေါက် သောက်သုံးရေ ဖူလုံစေမည့်အပြင် ကန်ပေါင်မှ (၁.၅)မိုင်အကွာရှိ လယ်မြေများဆီသို့ မြောင်းဖောက်၍ ရေပေးဝေနိုင်မည်ဆိုပါက လယ်ဧက(၁၀၀)ခန့်အားလည်း စိုက်ပျိုးရေပေးဝေ နိုင်မှာ ဖြစ်ပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ အဆိုပါ သံပုရာကန်အား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ် ရှိပါက မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးမည်ကို အစီအစဉ်မရှိပါက မည်သည့် အကြောင်းကြောင့်ဆိုသည်ကို သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ သံချောင်း ကျေးရွာအုပ်စုရှိ သံချောင်းကျေးရွာ၊ ကျွန်းဗြိန်ကျေးရွာ၊ အစိုင်းတောင်ကျေးရွာနှင့် ဇင်ချောင်းကျေးရွာများကို ဆက်သွယ်သည့် ရွာချင်းဆက်ကျောက်ချောလမ်းကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ ရန်ပုံငွေဖြင့် ပြုလုပ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် က ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ သံချောင်းကျေးရွာအုပ်စုရှိ သံချောင်းကျေးရွာ၊ ကျွန်းဗြိန်ကျေးရွာ၊ အစိုင်းတောင်ကျေးရွာနှင့် ဇင်ချောင်းကျေးရွာများကို ဆက်သွယ်သည့် ရွာချင်းဆက်ကျောက်ချောလမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ပြုလုပ်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ ဧည့်သည်တော်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေကြောင်း ဆုတောင်းရင်း ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးအုန်းတင် က ရိုသေဂါရဝပြု အပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော့်အနေနဲ့ ကျောက်ဖြူမြို့နယ်၊ သံချောင်းကျေးရွာအုပ်စုရှိ သံချောင်းကျေးရွာ၊ ကျွန်းဗြိန်ကျေးရွာ၊ အစိုင်းတောင်ကျေးရွာနှင့် ဇင်ချောင်းကျေးရွာများကို ဆက်သွယ်သည့် ရွာချင်းဆက် ကျောက်ချောလမ်းတစ်လမ်းကို ပြည်ထောင်စုအစိုးရ၏ ရန်ပုံငွေဖြင့် ပြုလုပ်ပေးနိုင်ခြင်း ရှိ/မရှိဆိုသည့် မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

သံချောင်းကျေးရွာအုပ်စု သံချောင်းကျေးရွာ၊ ကျွန်းဗြိန်ကျေးရွာနှင့် အစိုင်းတောင်ကျေးရွာကြီး (၃)ရွာပါတဲ့ သံချောင်းကျေးရွာအုပ်စုဟာ ဇင်ချောင်းကျေးရွာရဲ့ မြောက်ဘက်(၃)မိုင်ခန့်အကွာတွင် ရှိပါတယ်။ ဇင်ချောင်းကျေးရွာဟာ ရန်ကုန်-ကျောက်ဖြူကားလမ်းမကြီးပေါ်မှာ တည်ရှိပါတယ်။ ဤကျေးရွာအုပ်စုတွင် အိမ်ခြေ(၂၀၃)အိမ်၊ အိမ်ထောင်စု(၂၀၅)စုနှင့် လူဦးရေ(၆၀၈)ဦးရှိပါတယ်။ ဒီ ကျေးရွာမှ မူလတန်း အောင်မြင်ပြီးတဲ့ ကျောင်းသား/ကျောင်းသူလေးတွေဟာ ဇင်ချောင်းကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်းသို့ တက်ကြရပါတယ်။ ဤကျေးရွာများတွင် ကျေးလက်ကျန်းမာရေးဌာနခွဲများ မရှိတဲ့အတွက် ကျန်းမာရေးကိစ္စများ ပေါ်ပေါက်လာပါက ဇင်းချောင်းတိုက်နယ်ဆေးရုံသို့ လာရောက်ကုသကြရပါတယ်။ ထို့အပြင် လုံခြုံရေး၊ အုပ်ချုပ်ရေးစသော အရေးပေါ်ကိစ္စများ ပေါ်ပေါက်လာပါက လည်း အချိန်မရွေး ဇင်ချောင်းကျေးရွာနှင့် ဆက်သွယ်သွားလာရသည့်အတွက် ဒီကျေးရွာ(၃)ရွာနဲ့

ဇင်ချောင်းကျေးရွာတို့ကို ဆက်သွယ်တဲ့ ရွာချင်းဆက်လမ်းကောင်းမွန်ရေးဟာ အလွန်ပင် အရေးကြီးနေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဤကျေးရွာ(၃)ရွာနဲ့ ဇင်ချောင်းကျေးရွာတို့ရဲ့ ရွာချင်းဆက် မြေသားလမ်းကို ကျေးရွာသူ/ကျေးရွာသားများက ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဖောက်လုပ်ထားရှိပြီး ဖြစ်ပါတယ်။ သို့ရာတွင် အချိန်ရာသီမရွေး အလွယ်တကူ သွားလာနိုင်ရေးအတွက် ကျောက်ချောလမ်း တစ်ခုအဖြစ် လုပ်ပေးရန် လိုအပ်လျက်ရှိပါတယ်။ ကျေးရွာသူ/ကျေးရွာသားများ၏ တင်ပြချက်အရ ပြည်နယ်အစိုးရ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်များတွင် ဤရွာချင်းဆက် မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် ပြုလုပ်ရန် လျာထားတင်ပြခဲ့ပါတယ်။ သို့သော်လည်း အသုံးစရိတ် ဘတ်ဂျက်ချမပေးတဲ့ အတွက်ကြောင့် မလုပ်ဖြစ်ကြောင်း သိရပါတယ်။ ၂၆-၂-၂၀၁၅ ရက်နေ့ တွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း၊ ကျောက်ဖြူမြို့နယ်၊ ဇင်ချောင်းကျေးရွာသို့ ရောက်ရှိတဲ့အခါမှာ ကျေးရွာအုပ်ချုပ်ရေးမှူးက ဒီလမ်းကိစ္စကို တင်ပြရာမှာ ဝန်ကြီးချုပ်က ၂၀၁၅ ခုနှစ် အကုန်တွင် အစိုးရအပြောင်းအလဲ ရှိမည်ဖြစ်၍ နောက်တက်လာမယ့် အစိုးရအဖွဲ့အား လုပ်ငန်းကြွေးကျန်များ၊ ငွေကြေးကျန်များ မလွဲပြောင်းလိုသဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ပြုလုပ်မယ့် ဘတ်ဂျက်ရဲ့ (၅၀)ရာခိုင်နှုန်းအား ဖြတ်တောက်လိုက်၍ မရရှိတော့ကြောင်း ပြောကြားတယ်ဟု သိရပါတယ်။

ဒီ ကျေးရွာချင်းဆက်မြေသားလမ်း အမာခံကျောက်ချောလမ်းဖြစ်မြောက်ရေးဟာ အထက်တွင် ဖော်ပြခဲ့ပြီး ဖြစ်သည့်အတိုင်း ဒီကျေးရွာ(၃)ရွာတွင် နေထိုင်သော ကျေးရွာသူ/ကျေးရွာသားများအတွက် အလွန်ပင် အရေးကြီးသော ကိစ္စရပ်တစ်ရပ်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကျေးရွာသူ/ကျေးရွာသားများ၏ ဆန္ဒသဘောအရ အောက်ပါမေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ (က) ကျောက်ဖြူမြို့နယ်၊ သံချောင်းကျေးရွာ အုပ်စုရှိ သံချောင်းကျေးရွာ၊ ကျွန်းပြိန်ကျေးရွာ၊ အစိုင်းတောင်ကျေးရွာနှင့် ဇင်ချောင်းကျေးရွာတို့ကို ဆက်သွယ်သည့် မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် ပြည်ထောင်စုအစိုးရ ရန်ပုံငွေဖြင့် ပြုလုပ်ပေးနိုင်ခြင်း ရှိ/မရှိ။ အကယ်၍ မရှိဆိုပါကလည်း အဘယ်ကြောင့်ပါနည်းဆိုတဲ့ မေးခွန်းများကို မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၈။**

**ဦးတင်ငွေ (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာ ပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်

အမှတ်(၁၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင် ၏ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်၍ ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး အခြေခံ အဆောက်အအုံများဖြစ်တဲ့ လမ်း၊ တံတား၊ ရေပေးရေး၊ မီးလင်းရေး၊ တန်ဖိုးနည်းအိမ်ရာနှင့် ယင်လုံအိမ်သာများကဲ့သို့သော တည်ဆောက် ရေး လုပ်ငန်းများအပြင် ကျေးလက်နေပြည်သူများရဲ့ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးကိုလည်း အထောက်အကူပြု ဆောင်ရွက်လျက်ရှိပါတယ်ခင်ဗျား။ နိုင်ငံတော်ဘတ်ဂျက်ငွေများဖြင့်လည်း ခွင့်ပြုငွေ များဖြင့် အကောင်အထည်ဖော်လျက်ရှိပါတယ်။

မန္တလေးတိုင်းဒေသကြီးအတွင်းမှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ယခုဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ (၂၃၄၅.၃၉)သန်း ကျေးရွာပေါင်း (၃၇)ရွာ၊ ကျွန်တော်တို့ တွင်းတိမ်(၃၁)တွင်း၊ တွင်းနက် (၂၀၄)တွင်း၊ လက်တူးတွင်း(၃)တွင်းနဲ့ မြေသားမိုးရေလှောင်ကန်(၃၃)ကန်၊ စိမ့်စမ်းရေသွယ်မြောင်း (၂၃)ခု၊ အခြားရေရရှိရေးလုပ်ငန်း(၁၄)ခု၊ စုစုပေါင်းရေရရှိရေးလုပ်ငန်း (၃၀၈)ခု ဆောင်ရွက်လျက် ရှိပါတယ်။ ဒီ မလှိုင်မြို့နယ်မှာ ဆိုလို့ရှိရင် ကျွန်တော်တို့ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာ၊ ကျေးလက်ဦးစီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ (၂၀၂.၂၆)သန်း ဖြင့် ကျေးရွာပေါင်း(၂၁) ရွာမှာ ရေရရှိရေးလုပ်ငန်းများဖြစ်တဲ့ တွင်းနက်(၁၈)တွင်း၊ မြေသား ရေလှောင်ကန် (၂)ကန်၊ အခြားရေ ရရှိရေးလုပ်ငန်း(၂)ခု၊ စုစုပေါင်း ရေရရှိရေးလုပ်ငန်းပေါင်း (၂၂)ခု ကျွန်တော်တို့ ခွင့်ပြုဆောင်ရွက်လျက် ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းထားတဲ့ မလှိုင်မြို့နယ်အတွင်းမှာရှိတဲ့ သပြေပင် ကျေးရွာအုပ်စု၊ သံပုရာကန်ကျေးရွာမှ မြေသားမိုးရေလှောင်ကန် ပြန်လည်ပြုပြင်ရေးနှင့် ပတ်သက်လို့ ကျွန်တော်တို့ လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနရဲ့ အစီအစဉ်နဲ့ ကျွန်တော်တို့ ဦးစားပေး အစီအစဉ်အတိုင်း ဆောင်ရွက်လျက်ရှိပါ ကြောင်းနဲ့ ဆက်လက်ပြီးတော့လည်း ကျွန်တော်တို့ ဒီ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကနေပြီးတော့ ၂၀၁၅-၂၀၁၆ မှာ အဆိုပါလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ ဖြည့်စွက်ရန်ပုံငွေမှာ တင်ပြီးတော့ တောင်းခံသွား မယ်လို့လည်း ကျွန်တော်တို့ အကြောင်းပြန်ကြားတာ ရှိပါတယ်ခင်ဗျား။ အဲဒါကြောင့်မို့လို့ ဒီလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ လောလောဆယ် လတ်တလောတော့ ကျွန်တော်တို့ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသော် လည်း ကျွန်တော်တို့ တိုင်းဒေသကြီးရဲ့ဖြည့်စွက်လုပ်ငန်း ယခုနှစ်ပေ့ါလေ ၂၀၁၅-၂၀၁၆ မှာ သူတို့တင်ပြ ပေးမယ်လို့ အကြောင်းပြန်ကြားထားတာ ရှိပါတယ်။

အဆိုပါ သံပုရာကန် အနေနဲ့လည်း ကျွန်တော်တို့ တကယ်လိုအပ်ပါတယ်။ ကျွန်တော်တို့ ဒီ လူများအပြင် နွားများ သောက်သုံးရေအဖြစ် ဆောင်ရွက်နိုင်ရန်အပြင် ဆောင်းသီးနှံ့ယာမြေ (၂၅၀)ကျော် ဧကနဲ့ လယ်မြေ(၁၅၀)ကိုလည်း အကျိုးဖြစ်မယ့်ဟာဖြစ်တဲ့ အတွက်ကြောင့် ကျွန်တော်တို့ ဒီဟာနဲ့ ပတ်သက်လို့တော့ လတ်တလောတော့ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသော်လည်း ဦးစားပေး အစီအစဉ် အလိုက် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ ဒုတိယမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဆက်လက်တင်ပြပါမယ်ခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်စိတ် နှစ်ပါးကျန်းမာချမ်းသာပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအုန်းတင် ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်လို့ တင်ပြဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ သံချောင်း၊ ကျွန်းပြင်၊ အစိုင်းတောင်၊ ဇင်ချောင်းကျေးရွာချင်းဆက်လမ်းဟာ အရှည်(၅)မိုင်ရှိတဲ့ မြေသားလမ်းဖြစ်ပါတယ်။ အိမ်ခြေ (၄၂၀)၊ လူဦးရေ(၁၇၁၅) အကျိုးပြုပါတယ်။ အဆိုပါလမ်းကို ကျောက်ခင်းပေးလို့ရှိရင် ကျွန်တော်တို့ (၃၆၉.၀)သန်း၊ အရှည်(၂၀) ပေ သံကူကွန်ကရစ်တံတား(၃)စင်း၊ သန်း(၆၀)၊ စုစုပေါင်း(၄၂၉)သန်း ကုန်ကျမယ်လို့ ခန့်မှန်းပါတယ်။ ရခိုင်ပြည်နယ်အတွင်းမှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ယခုနှစ် ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ(၈၀၂၅.၇၅)သန်း ကျွန်တော်တို့ ကတ္တရာလမ်း(၆)မိုင်၊ (၅)ဖာလုံ၊ ကျောက်ချောလမ်း (၄၂)မိုင် (၄)ဖာလုံ၊ မြေသားလမ်း (၁၁၄)မိုင်၊ (၅)ဖာလုံ၊ ကွန်ကရစ်လမ်း(၁၀၃၀)ပေ၊ သစ်သားတံတား (၁၁၆၅)ပေ နဲ့ ရေပြွန်(၄၀၈)ပေ ဆောင်ရွက်ဖို့ ခွင့်ပြုထားပါတယ်ခင်ဗျား။

အဲဒီတော့ ကျောက်ဖြူမြို့နယ်အတွက် ကျွန်တော်အနေနဲ့ တင်ပြရရင် ဒီနေ့ ကျောက်ဖြူတစ်မြို့နယ်လုံးမှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ယခုနှစ် ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုရန်ပုံငွေက ကျွန်တော်တို့ (၁၃၁၁) သန်းရှိပါတယ်။ ကျောက်ချောလမ်းအနေနဲ့ အရှည်(၁၁)မိုင်၊ မြေသားလမ်းအနေနဲ့ မိုင်(၁၀)၊ ကွန်ကရစ်တံတား အနေနဲ့ ပေ(၁၀၀) ကျွန်တော်တို့ ခွင့်ပြုပြီး ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ ကျောက်ဖြူမြို့နယ်အတွင်းမှာရှိတဲ့ သံချောင်း၊ ကျွန်းပြ၊ အစိုင်းတောင်၊ ဇင်းချောင်းကျေးရွာချင်းဆက်လမ်းကို ယခုနှစ် ၂၀၁၅-၂၀၁၆ ရန်ပုံငွေမှာတော့ ပါဝင်ခြင်း မရှိပါကြောင်း တင်ပြအပ်ပါတယ်။ လတ်တလော အနေနဲ့ ဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဦးစားပေးအဆင့်အတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမယ့် မေးခွန်းများဟာ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကျိုင်းတုံမြို့နယ်၊ မိုင်းငေါင်းကျေးရွာအုပ်စု၊ နောင်ကျန့်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးချုပ်အောင်ကျော် က ကျိုင်းတုံမြို့နယ်၊ မိုင်းငေါင်းကျေးရွာအုပ်စု၊ နောင်ကျန့်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဗိုလ်မှူးချုပ်အောင်ကျော်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့ အစည်းဝင်ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ တပ်မတော်သား၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ်၊ ကြည်း-၁၉၇၁၇ ဗိုလ်မှူးချုပ်အောင်ကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ ကျိုင်းတုံမြို့နယ်၊ မိုင်းငေါင်းကျေးရွာအုပ်စု၊ နောင်ကျန့် ကျေးရွာမှာ ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းကို ဥက္ကဋ္ဌကြီးက တစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ ကျိုင်းတုံမြို့နယ်အတွင်းမှာရှိတဲ့ မိုင်းငေါင်းကျေးရွာအုပ်စုဟာ ကျိုင်းတုံမြို့ရဲ့အရှေ့ဘက်(၅၂)မိုင်ခန့် အကွာမှာ တည်ရှိပါတယ်။ မိုင်းငေါင်းကျေးရွာအုပ်စုမှာ ကျေးရွာပေါင်း(၁၂)ရွာရှိပြီး အိမ်ထောင်စု (၃၁၃)စုနဲ့ လူဦးရေ စုစုပေါင်း(၁၄၃၆)ဦး ရှိပါတယ်။ မိုင်းငေါင်းကျေးရွာအုပ်စုမှာရှိတဲ့ ကျေးရွာ(၁၂) ရွာမှာ ကျေးလက်ကျန်းမာရေးဌာနခွဲပင် မရှိတဲ့အတွက် ကျေးရွာအုပ်စု အတွင်းမှာရှိတဲ့ဒေသခံပြည်သူ တွေ ဆေးဝါးကုသဖို့လိုအပ်လို့ရှိရင် အနီးဆုံးမိုင်(၂၀)ခန့်ကွာဝေးတဲ့ မိုင်းကိုင်တိုက်နယ်ဆေးရုံနဲ့ (၃၂) မိုင်ခန့်ကွာဝေးတဲ့ လွယ်မွေတိုက်နယ်ဆေးရုံတွေကို သွားရောက်ပြီးဆေးဝါးကုသမှုခံယူ ရပါတယ်။

မိုင်းကိုင်နဲ့ လွယ်မွေသွားတဲ့ကားလမ်းတွေကလည်း မြေသားလမ်းတွေဖြစ်ပြီးတော့ ဆောင်း ရာသီနဲ့ နွေရာသီမှာ သွားလာရလွယ်ကူပေမယ့် မိုးရာသီမှာ သွားလာရလွန်စွာ ခက်ခဲတဲ့ဒေသ ဖြစ်ပါ တယ်။ နေ့စဉ် မော်တော်ယာဉ်တွေ သွားလာမှုမရှိဘဲ ရက်သတ္တပတ်(၁)ပတ်မှာ (၂)ရက်ခန့်သာ မိုင်းကိုင် နဲ့ကျိုင်းတုံကို သွားလာတဲ့ ထွေလာဂျီယာဉ်တွေရှိပါတယ်။ ဒီလိုသွားလာမှု ခက်ခဲပြီး ကျေးလက် ကျန်းမာရေးဌာနခွဲပင် မရှိတဲ့အတွက် မီးမဖွားနိုင်တဲ့ ကိုယ်ဝန်ဆောင်မိခင်တွေ၊ အရေးကြီး လူနာတွေကို အချိန်မီဆေးရုံ၊ ဆေးခန်းတွေကို မပို့ဆောင်နိုင်တဲ့အတွက်ကြောင့် ဆုံးရှုံးမှုတွေ နှစ်စဉ် ရှိခဲ့ပါတယ်။ မိုင်းငေါင်းကျေးရွာအုပ်စုမှာရှမ်း၊ လားဟူနဲ့ အာခါတိုင်းရင်းသားတွေ နေထိုင်ကြပြီး လယ်နဲ့ တောင်ယာ လုပ်ငန်းတွေကိုသာ မှီခိုလုပ်ကိုင်ရတာကြောင့် ဆင်းရဲနွမ်းပါးတဲ့ ကျေးရွာအုပ်စုတစ်စုလည်း ဖြစ်ပါ တယ်။

မိုင်းငေါင်းကျေးရွာအုပ်စုမှာရှိတဲ့ ကျေးရွာပေါင်း(၁၂)ရွာမှာ နောင်ကျန့်ကျေးရွာမှာ အိမ်ထောင် စု(၁၇၃)စုရှိပြီး လူဦးရေ(၇၄၁)ဦး ရှိတဲ့အတွက် ကျေးရွာအုပ်စုတွင် လူဦးရေအများဆုံး နေထိုင်တဲ့ ကျေးရွာတစ်ရွာဖြစ်ပါတယ်။ နောင်ကျန့်ကျေးရွာဟာ ကျေးလက်ကျန်းမာရေးတစ်ခု၊ ဌာနခွဲတစ်ခု

ဖွင့်လှစ်ပေးခြင်းအားဖြင့် ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ကျေးရွာတွေအားလုံးကို ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်မယ့်အပြင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလည်း ပိုမိုခိုင်မာစေမှာ ဖြစ်ပါ တယ်။ ဒါကြောင့် ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ်အတွင်းမှာရှိတဲ့ နောင်ကျန့်ကျေးရွာမှာ ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု ဖွင့်လှစ်ပေးဖို့အစီအစဉ်ရှိ/မရှိ သိရှိလိုတဲ့အတွက် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကျောက်ပန်းတောင်းမြို့နယ်၊ ကျောက်စစ်ကန်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် က ကျောက်ပန်းတောင်းမြို့နယ်၊ ကျောက်စစ်ကန်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ် ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီး၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျောက်ပန်းတောင်းမြို့နယ်၊ ကျောက်စစ်ကန်ကျေးရွာ ကျေးလက် ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးရန်နှင့် ဆက်စပ်ပြီး မေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေးဝန်ကြီးဌာနဟာ နိုင်ငံသားများနဲ့ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေမှုအတွက် တစ်နိုင်ငံလုံး အတိုင်းအတာ အနေနဲ့ ကျန်းမာရေးကဏ္ဍမှာ ဘက်ပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိနေခြင်းများနဲ့အတူ မရှိမဖြစ် လိုအပ်တဲ့ အခြေခံအဆောက်အအုံများကိုပါ ကျေးလက်ဒေသများအထိ ဖြန့်ကျက်ဆောင်ရွက်ပေးလျက် ရှိနေတာဟာ အားရဖွယ်ရာတွေ့ရှိကြောင်းလည်းပြောကြားလိုပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း မိမိ ရဲ့ မဲဆန္ဒနယ်အတွင်း ကျန်းမာရေးဝန်ဆောင်မှုရှိပြီး ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ထူထောင်ထိန်းသိမ်းထားရှိမှုနဲ့ အမှန်တကယ်ထပ်မံလိုအပ်တဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲများ၊ ဆေးပေးခန်းများ၊ တိုးချဲ့ထူထောင်ရေးများကိုပါ ပြည်သူများအတွက် ညှိနှိုင်းရရှိ တင်ပြချက်များအပေါ် စဉ်းစားခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြပါ ကျေးလက်ကျန်းမာရေး စောင့်ရှောက်မှုနဲ့ စပ်လျဉ်းပြီးတော့ ကျောက်ပန်းတောင်းမြို့နယ်အတွင်း ကျောက်စစ်ကန်ကျေးရွာမှာ ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု ဖွင့်လှစ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ စဉ်းစားပေးသင့်တဲ့ အခြေခံကောင်းများကို ဆက်လက် ဆွေးနွေးတင်ပြလိုပါတယ်။ ကျောက်စစ်ကန်ကျေးရွာဟာ ကျေးရွာအုပ်စုကြီးဖြစ်ပြီးတော့ ပတ်ဝန်းကျင် ကျေးရွာများမှာ ကြောင်ဒူးရွာနဲ့ လင်းယောစမ်းရွာများ ဖြစ်ကြပါတယ်။ အဆိုပါ ရွာအားလုံးဟာ

ကြက်မောက်တောင်ဆည် ရေသောက်ဧရိယာအတွင်းမှာ ဆည်ရေဖြင့် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြသော ကျေးရွာများလည်း ဖြစ်ကြပါတယ်။

ကျောက်စစ်ကန်ကျေးရွာဟာ ကျောက်ပန်းတောင်းမြို့မှ (၉)မိုင်နဲ့ ပွေးကျစ်တိုက်နယ်ဆေးရုံမှ (၉)မိုင်ဝေးကွာပြီးတော့ ကျောက်ပန်းတောင်း-ပွေးကျစ်လမ်း၊ ယခင် ဒိစတြိတ်ကောင်စီလမ်းမှ အတွင်း ဘက်ကို (၂)မိုင်ခန့်ဝင်ရောက်ရသော ဒေသမှာတည်ရှိပါတယ်။ ကျောက်ပန်းတောင်းမြို့နယ် ကျေးရွာအုပ်စုများပြပုံကိုလည်း တင်ပြစဉ်က ပူးတွဲထားပါတယ်။ ကျောက်စစ်ကန်ကျေးရွာဟာ အိမ်ခြေ(၃၈၇) အိမ်၊ အိမ်ထောင်စု (၄၀၅)စု လူဦးရေ(၁၉၆၀)ဦးရှိပြီးတော့ အခြေခံပညာအလယ်တန်းကျောင်းခွဲမှာ ကျောင်းသား/ကျောင်းသူ (၃၂၀)ခန့် ပညာသင်ကြားနေလျက်ရှိတဲ့ ကျေးရွာလည်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ ၂၄-၂-၂၀၁၅ ရက်နေ့မှာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ ဆောင်ရွက်ခြင်းဖြင့် အဆိုပါ ကျောက်စစ်ကန်ကျေးရွာကို ရောက်ရှိခဲ့ရာ ကျေးရွာရပ်မိရပ်ဖများရဲ့ ကိုယ့်အားကိုယ်ကိုးအစီအစဉ်နဲ့ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ဖွင့်လှစ် ရရှိနိုင်ဖို့ ကြိုတင်အစီအမံများ လုပ်ဆောင်ထားချက်ကို အောက်ပါအတိုင်း တွေ့ရှိရပါတယ်။ (၁) အလျား (၂၀၀) ပေ၊ အနံ (၁၂၀) ပေရှိ မြေနေရာနဲ့ ဝင်းခြံအုတ်တံတိုင်းနဲ့ သံပန်း များ၊ (၂) အလျား (၆၆) ပေ x အနံ (၄၂) ပေရှိ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အဆောက်အအုံတစ်ခုနဲ့ ဖွဲ့စည်းပုံ၊ (က) ရုံးခန်း၊ (ခ) ဆေးသိုလှောင်ခန်း၊ (ဂ)လူနာစမ်းသပ်ခန်း၊ (ဃ) သားဖွားခန်း၊ ၎င်းအပြင် အဆိုပါ လျာထားကျေးလက်ကျန်းမာရေးဌာန(ခွဲ)အတွက် စက်ရေတွင်းတစ်တွင်းနဲ့ အမြင့်တင် ရေစင်များလည်း တည်ဆောက်ထားရှိပြီးလည်း ဖြစ်ပါတယ်။ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဖွင့်လှစ်ခွင့်ရရှိပါက တာဝန်ကျကျန်းမာရေးဝန်ထမ်းများ နေထိုင်နိုင်ရန်လည်း နေအိမ်အဆောက်အအုံတစ်လုံးကို တည်ဆောက် လျက်ရှိတာကို တွေ့ရှိခဲ့ရပါတယ်။

ဆက်လက်၍လည်း လိုအပ်မည့် ကျန်းမာရေးဌာန အသုံးအဆောင်ပစ္စည်းများ၊ ပရိဘောဂများ စသည်တို့ကို ဖြည့်ဆည်းပေးမယ့်အစီအမံများကိုလည်း သိရှိရပါတယ်။ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ဖွင့်လှစ်ရန်ဆောင်ရွက်ထားတဲ့ အခြေခံအဆောက်အအုံ မှတ်တမ်းဓာတ်ပုံ(၃)ပုံလည်း Slide 1, Sllide 2 , Sllide 3 တို့ဖြင့် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအခြေအနေတွင် နိုင်ငံတော်ဓာတ်အားစနစ်မှ ကျောက်ပန်းတောင်းမြို့နယ်တောင်ဘက်ခြမ်း ကျေးရွာများမီးလင်းရေးအတွက် ကျောက်ပန်းတောင်းဆုံရွာ (၆)မိုင်၊ ဆုံရွာ-ပွေးကျစ်(၈)မိုင်အတွက် ဆုံရွာမှာ 66/11 KV-5 MVA ဓာတ်အားခွဲရုံတစ်ရုံကိုလည်း ပွေးကျစ်ရွာမှာလည်း 165 KVA Transfer (2) လုံးတပ်ဆင်ပြီးတော့ 11 KVA ဓာတ်အားလိုင်းသွယ်တန်းခြင်းကိုလည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်အပြီးဆောင်ရွက်ရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ရန်ပုံငွေလျာထားဆောင်ရွက်ပြီးလို့ လက်ရှိမှာ (၁၀)မီတာကွန်ကရစ်ဓာတ်တိုင်များ စိုက်ထူခြင်း (၂၅)ရာခိုင်နှုန်းက ပြီးစီးထားတာကိုတွေ့ရှိခဲ့ရပါတယ်။ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဖွင့်လှစ်နိုင်ပါရန် တင်ပြတောင်းခံထားတဲ့ ကျောက်စစ်ကန်ကျေးရွာမှာ အဆိုပါကျောက်ပန်းတောင်း-ဆုံရွာ-ပွေးကျစ် မဟာဓာတ်အားလိုင်းမှ (၂)မိုင်အတွင်းမှာရှိနေတဲ့အတွက် လျှစ်စစ်အာမခံချက်ရရှိမယ့် ကျေးရွာလည်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရေမီးအပါအဝင် အခြေခံအဆောက်အအုံများဖြင့် ပြည့်စုံနေသော ကျောက်ပန်းတောင်းမြို့နယ် ကျောက်စစ်ကန်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ဖွင့်လှစ်နိုင်ရေးနဲ့ ဆက်စပ်ပြီးတော့ အောက်ပါမေးခွန်းများကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျာ။ (၁) ကျောက်ပန်းတောင်းမြို့နယ်တောင်ဘက် လက်ရှိကျောက်စစ်ကန်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ဖွင့်လှစ်ပေးရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ (၂) ကျောက်စစ်ကန်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ဖွင့်လှစ်ပေးရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်းရှိပါက မည်သည့်အချိန်တွင် ဖွင့်လှစ်ပေးနိုင်မည် (၃) ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ဖွင့်လှစ်ပေးရန် စီစဉ်ဆောင်ရွက် ပေးနိုင်ပါက မြို့နယ်အထောက်အကူပြု ကော်မတီ၏ ကြီးကြပ်မှုဖြင့် ကျေးရွာလူမှုရေးကော်မတီနဲ့ အလှူရှင်များက လွှဲပြောင်းလှူဒါန်းပေးမည့် တင်ပြခဲ့တဲ့မြေနေရာနဲ့ မြေပေါ်ရှိအဆောက်အအုံများကို လွှဲပြောင်းရယူလိုခြင်း ရှိ/မရှိ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဆေးခန်းဝန်းတံခါးနှင့် အုတ်တံတိုင်းပုံ (ညည)




အဆောက်အဦ၏ လက်ယာဘက်မြင်ကွင်းပုံ (ညည-၁)



အဆောက်အဦ၏ ရှေ့မျက်နှာစာ မြင်ကွင်းပုံ (ညည-၂)




**အလှမ်းကွာဝေးသော အစွန်အဖျားကျေးရွာများ၌ ဖွင့်လှစ်ထားသည့် တိုက်နယ်ဆေးရုံများတွင် အရေးပေါ် လူနာပို့ဆောင်ရန် လူနာတင်ယာဉ်၊ ယာဉ်မောင်းနှင့် စက်သုံးဆီများ ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ က အလှမ်းကွာဝေးသော အစွန်အဖျားကျေးရွာများ၌ ဖွင့်လှစ်ထားသည့် တိုက်နယ်ဆေးရုံများတွင် အရေးပေါ် လူနာပို့ဆောင်ရန် လူနာတင်ယာဉ်၊ ယာဉ်မောင်းနှင့် စက်သုံးဆီများ ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များအားလုံး ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံတော်မူကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ ကျွန်တော်တင်ပြ မေးမြန်းလိုတဲ့မေးခွန်းကတော့ အလှမ်းကွာဝေးသော အစွန်အဖျားကျေးရွာများမှာ ဖွင့်လှစ်ထားတဲ့ တိုက်နယ်ဆေးရုံများမှာ အရေးပေါ်လူနာပို့ဆောင်ရန် လူနာတင်ယာဉ်၊ ယာဉ်မောင်း၊ စက်သုံးဆီများ ဖြည့်ဆည်းပေးရန်အစီအစဉ် ရှိ/မရှိ ဆိုတဲ့မေးခွန်းပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့ကြီးပြကြီးတွေမှာရှိတဲ့ ဆေးရုံတွေမှာ လူနာတင် ယာဉ်တွေ ပါဝင်ဖွဲ့စည်းထားတာကို တွေ့ရှိရပါတယ်။ အဲဒီလို Ambulance ကားတွေဟာ လူနာတွေကို ဘယ်ကိုပို့မှာလဲတော့ မသိဘူး။ သူတို့ မြို့ကြီးတွေမှာ ဒီ Ambulance ကားတွေဟာ ကျွန်တော့်

အနေနဲ့ လိုအပ်မယ်လို့မထင်ပါဘူး။ မြို့ကြီးတွေမှာရှိတဲ့ ဆေးရုံတွေဆိုတာက ဆရာဝန်တွေ၊ ပါရဂူတွေ အမျိုးစုံရှိတယ်ဆိုတော့ နယ်မှာရှိတဲ့ သူတို့ဆီကို သွားပို့ဖို့လိုအပ်တဲ့ နေရာတွေမှာကျတော့ ဒီကားတွေဟာ ကျွန်တော်ပါဝင်ဖွဲ့စည်းထားတာ မတွေ့ရပါဘူး။ ကျွန်တော်တို့ ဂန့်ဂေါမှာဆိုရင် အစွန်အဖျား ကျေးရွာတွေမှာ တိုက်နယ်ဆေးရုံ(၇)ရုံ ရှိပါတယ်။ ကျောက်ထုမှာ ရှိတယ်။ လောင်းရှည်မှာရှိတယ်၊ ရေမျက်နီ၊ ဆေးမြင်းတော၊ မင်းရွာ၊ ဟံသာဝတီ၊ မြောက်ခင်ရမ်း ဒီရွာတွေမှာ တကယ့် Isolated ဖြစ်နေတဲ့နေရာတွေမှာ တိုက်နယ်ဆေးရုံလေးတွေ မရှိကြပါဘူး။

ဒီဆေးရုံတွေမှာရှိတဲ့ လူနာတွေဟာ အဲဒီမှာရှိတဲ့ တိုက်နယ်ဆရာဝန်နဲ့ ကုသလို့ မနိုင်နင်းတဲ့ အခါမှာ ခရိုင်ဆေးရုံကြီးတွေကို ပို့ရတာရှိသလိုတစ်ခါတလေကျရင် မန္တလေး အထိ ပို့ရတာမျိုးတွေ ရှိပါတယ်။ ဥပမာအားဖြင့် လောင်းရှည်ရွာမှာ ကျွန်တော်ကိုယ်တိုင် ရောက်ခဲ့တဲ့အခါမှာ လောင်းရှည်ရွာ မှာရှိတဲ့ တိုက်နယ်ဆေးရုံက ဆရာဝန်လေးဟာ အင်မတန်တော်ပါတယ်။ သူက သူ့ဆီမှာရှိတဲ့လူနာ ဘယ်လိုမှ ကုလို့မရတော့ဘူးဆိုရင် အနီးစပ်ဆုံးခရိုင်ဆေးရုံကြီးဟာ မင်းတပ်မှာ ရှိပါတယ်။ သူတို့ ဂန့်ဂေါ အထိလာမယ်ဆိုရင်တော့ လေးနာရီလောက် စီးရမှာဆိုတော့ သူက မင်းတပ်ဆိုတော့ တစ်နာရီလောက် နဲ့ရောက်တယ်။ ချင်းပြည်နယ် မင်းတပ်က ခရိုင်ဆေးရုံမှာလည်း ပါရဂူတွေ တော်တော်များများ စုံစုံ လင်လင် နိုင်ငံတော်က ချပေးထားတာဖြစ်တဲ့အတွက် အဲဒီကို ပို့ပါတယ်။

တစ်ခါတလေကျရင် ဒီလိုလူနာကို ဘယ်လိုကုရမလဲဆိုတော့ မန္တလေးကရှိတဲ့ ဆရာသမား တွေကို လှမ်းပြီးပြောတော့ မန္တလေးသာခေါ်ခဲ့တော့ မင်းလူနာမရလောက်ဘူးဆိုတော့ မန္တလေးအထိ အောင် ပို့တာကိုလည်း ဒီဆရာဝန်လေးဟာ သူ့ရဲ့ဆိုင်ကယ်နဲ့ ကျောပိုးပြီးတော့ ရောက်အောင်ပို့ပါ တယ်။ ညတွင်းချင်းမောင်းပြီးတော့ ဆိုင်ကယ်နဲ့ပဲသွားရတယ်။ နောက်ကလူနာရှင်က နောက်ကထိန်း အဲဒီအပြင်ကိုပဲ အကယ်၍ သူ့ဆေးရုံတက်လာပြီးတော့ ကွယ်လွန်သွားတဲ့ Expire ဖြစ်သွားတဲ့ လူနာ တွေတောင်မှ သူ့ရွာကိုပြန်သယ်ဖို့ အခက်အခဲရှိတဲ့အခါမှာ ဒီဆရာဝန်လေးဟာ Dead Body ကို ဆိုင်ကယ် ပေါ်မှာ ကားယားခွထိုင်ခိုင်းပြီးတော့ သူကရှေ့ကနေစီး၊ လူနာရှင်က နောက်ကနေ ဒီ Dead Body ကိုထိန်းပြီးတော့ (၁၂)မိုင်ဝေးတဲ့ရွာအထိတောင် လိုက်ပို့တာကို ကျွန်တော် တွေ့ခဲ့ရပါတယ်။ ဆိုတော့ အမေကြီးတစ်ယောက် ကွယ်လွန်သွားတယ်။ အသက်(၈၀)ကျော်၊ သူ့သားက နောက်က ကိုင်တယ်၊ ဆရာဝန်လေးက ရှေ့ကနေတယ်။ အလောင်းကြီးကို အလယ်က တင်ပြီးတော့ သူ့ရွာကို ဆိုင်ကယ်နဲ့ လိုက်ပို့တာကို ကျွန်တော်တွေ့ခဲ့ရတယ်။ မန္တလေးထိ ပို့ရတဲ့အခါမှာတော့ အင်မတန် ဝေးပါတယ်။ ကျွန်တော်တို့ လောင်းရှည်ကနေပြီးတော့ မန္တလေးကိုဆိုရင် ပုံတောင်ပုံညာကို ဖြတ်ရမယ်။ ပြီးလို့ရှိရင် ပခုက္ကူ ကိုဆင်းရမယ်၊ ပခုက္ကူကနေ ကျွန်တော်တို့ ဆင်ဖြူရှင်တံတားကနေ ဖြတ်ပြီးတော့ ပို့ရတာဖြစ်တယ်။

သို့သော် မပို့ရင်လည်း၊ အချိန်မီမရောက်ရင်လည်း သေမယ့် အနေအထားဖြစ်တယ်။ ဟုတ်လား၊ ဥပမာ၊ အဲဒီမှာ မန္တလေးပို့လိုက်ရတဲ့ လူနာတစ်ယောက်ဆိုလို့ရှိရင် ဒါ သားအိမ်ပြင်ပမှာ သန္ဓေတည်တယ်လို့သိရပါတယ်။ အဲဒီမှာသိပ်ကို အရေးကြီးနေပြီ။ သူဟာခွဲရမယ်၊ သို့သော် ဒီဆရာဝန် လေး အနေနဲ့လည်း ခွဲပိုင်ခွင့်မရှိဘူး။ ဒါအင်မတန် အရေးကြီးတဲ့ Major Case လို့သိရပါတယ်။ အဲဒါကြောင့် သူကဖြစ်တဲ့နည်းနဲ့ မန္တလေးကိုပို့ပါဆိုတော့ မန္တလေးကိုသူက ဆိုင်ကယ်နဲ့ ပို့ရတဲ့ အနေ

အထားဖြစ်တယ်။ ဒါကြောင့်မိုလို့ တချို့ကျေးရွာတွေမှာတော့ နာရေးကူညီမှု အသင်းလေးတွေ ဖွဲ့ထားတာ ကျွန်တော်တွေ့ရပါတယ်။

သို့သော်လည်းပဲ ကျေးရွာဆိုတဲ့အတိုင်းအတာအရ သူတို့ဟာ ဒါပွင့်ပွင့်လင်းလင်း ဥက္ကဋ္ဌကြီး ကိုတင်ပြရရင် တရားမဝင်တဲ့ လိုင်စင်မဲ့ကားတွေကို သုံးပြီးတော့ ဟိုတံဆိပ်တွေ၊ ဒီတံဆိပ်တွေ တပ်ပြီး တော့ လုပ်နေတာတွေ ကျွန်တော်တွေ့ရပါတယ်။ အဲဒီကားတွေကျတော့လည်း မြို့ပေါ်ကို မတက်ရဲဘူး။ မြို့ပေါ်ရောက်ရင် ရဲကဖမ်းမယ်ဆိုတော့ ဟိုနားဒီနားလေးပဲ သူတို့ သွားလို့ရတဲ့ အနေအထားဖြစ်နေတဲ့ အခါကျတော့ ဒီအခက်အခဲကို ဖြေရှင်းနိုင်ဖို့က မြို့ကြီးပြကြီးတွေမှာ ပေးထားမယ့် Ambulance ကားတွေအစား ကျွန်တော်တို့လို Isolated ဖြစ်နေတဲ့ ချောင်ကလောင်က ဒီတိုက်နယ် ဆေးရုံလေး တွေကို ကားနဲ့ ဒရိုင်ဘာနဲ့ စက်သုံးဆီနဲ့ ဖွဲ့စည်းပုံချပေးလိုက်မယ်ဆိုရင် အင်မတန်မှ သင့်လျော်တဲ့ အတွက်ကြောင့် အထက်ပါမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၈။**

**ဒေါက်တာဒေါ်သိန်းသိန်းဌေး (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည် တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း မင်္ဂလာနဲ့ ပြည့်စုံတော်မူကြပါစေလို့ ကျွန်မ အနေနဲ့ ပထမဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနနှင့် စပ်လျဉ်းသော မေးခွန်းများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်မ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေး မှ တစ်ခုချင်း ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပထမဦးစွာ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်အောင်ကျော် ၏ မေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်တွင် ခုတင်(၂၀၀)ဆံ့ ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး(၁)ရုံ၊ (၁၆)ခုတင်ဆံ့တိုက်နယ်ဆေးရုံ(၃)ရုံ စုစုပေါင်းဆေးရုံ(၄)ရုံ၊ ကျေးလက်ကျန်းမာ ရေးဌာန(၆)ဌာနတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပါတယ်။ နောင်ကျန့်ကျေးရွာမှာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ခွင့်ပေးခဲ့ပါက ကျေးရွာ(၁၁)ရွာနဲ့ အိမ်ခြေ(၂၂၆)အိမ်၊ လူဦးရေ (၁၁၄၄)ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံပေးနိုင်မှာဖြစ်ပါတယ်။ နောင်ကျန့်ကျေးရွာတွင် အိမ်ခြေ(၇၈)အိမ်၊ လူဦးရေ(၃၉၀)ဦးရှိပြီး ကျေးလက်ကျန်းမာရေးဌာနခွဲ လက်ရှိဖွင့်လှစ်ထားခြင်း မရှိသေး ပါဘူး။ လူဦးရေနည်းသော်လည်းပဲ မြို့နယ်ဆေးရုံနဲ့ မိုင်(၆၀)၊ လွယ်မွေတိုက်နယ်ဆေးရုံနဲ့ (၃၀)မိုင် ကွာဝေးပါသဖြင့် နောင်ကျန့်ကျေးရွာမှာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ခွင့်ရရှိရန်အတွက် ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ဖွဲ့စည်းပုံခွင့်ပြုမိန့်ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင့်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး အမှတ်(၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် ၏ မေးခွန်းနှင့် စပ်လျဉ်း၍ ကျောက်ပန်းတောင်းမြို့နယ်၊ ကျောက်စစ်ကန် ကျေးရွာ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်း၍ မန္တလေးတိုင်း ဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် ခုတင်(၅၀)ဆံ့ ဆေးရုံ(၁)ရုံ၊ (၁၆)ခုတင်ဆံ့ ဆေးရုံ(၃)ရုံ စုစုပေါင်းဆေးရုံ(၄)ရုံ၊ ကျေးလက်ကျန်းမာရေးဌာန(၉)ဌာနတို့ဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေး လျက်ရှိပါတယ်။ ကျောက်စစ်ကန်ကျေးရွာတွင် အိမ်ခြေ(၉၉၉)အိမ်၊ လူဦးရေ(၅၀၀၀) ကျော်ရှိပြီး မြို့နယ်ဆေးရုံနဲ့ (၈)မိုင်၊ ပွေးကျစ်တိုက်နယ်ဆေးရုံနဲ့ (၈)မိုင်၊ တလိုင်းကန်ကျေးလက် ကျန်းမာရေးဌာန နဲ့ (၁၀)မိုင် ကွာဝေးပါသဖြင့် ကျောက်စစ်ကန်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ခွင့် ရရှိရန်အတွက် ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ဖွဲ့စည်းပုံခွင့်ပြုမိန့်ရရှိရေးအတွက် စီစဉ် ဆောင်ရွက်ပေးမည်ဖြစ်ပါတယ်။

မြို့နယ်အထောက်အကူပြုကော်မတီ၏ ကြီးကြပ်မှုဖြင့် ကျေးရွာလူမှုရေးကော်မတီနဲ့ အလှူရှင် များက လွှဲပြောင်းလှူဒါန်းမယ့် မြေနေရာနဲ့ မြေပေါ်ရှိအဆောက်အဦများကို လွှဲပြောင်းရယူနိုင်ရေး အတွက် ကျေးလက်ကျန်းမာရေးဌာန ဖွဲ့စည်းပုံ ခွင့်ပြုမိန့် ထုတ်ပြန်ပြီးသည့်အချိန်တွင် စီစဉ် ညှိနှိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး၊ အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးလှဆွေ ၏ မေးခွန်းနဲ့ စပ်လျဉ်း၍ အလှမ်းကွာဝေးသော အစွန်အဖျားကျေးရွာ၌ ဖွင့်လှစ်ထားသည့် တိုက်နယ်ဆေးရုံများ၌ အရေးပေါ် လူနာပို့ဆောင်ရန် လူနာတင်ယာဉ်၊ ယာဉ်မောင်း၊ စက်သုံးဆီများ ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ကုသရေး ဦးစီးဌာနသည် ပြည်သူ့ဆေးရုံများတွင် လိုအပ်လျက်ရှိသော လူနာတင်ယာဉ်များကို ဖြည့်ဆည်းနိုင်ရန် အတွက် စီမံချက်များရေးဆွဲ၍ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေး နှစ်တွင် မြို့နယ်အဆင့် ပြည်သူ့ဆေးရုံများသို့ လူနာတင်ယာဉ်များ ထောက်ပံ့ပေးနိုင်ရန် စီမံချက်အရ ဆောင်ရွက်လျက် ရှိသည့်အတွက် လက်ရှိအနေအထားအရ တိုက်နယ်ဆေးရုံသို့ လူနာတင်ယာဉ်၊ ယာဉ်မောင်း၊ စက်သုံးဆီ ဖြည့်ဆည်းပေးရန် လောလောဆယ်တွင် အစီအစဉ် မရှိသေးပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင့်။

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၄၃ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၀း၅၉ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၀း၅၉။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးလိုသော လွှတ်တော် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၂(င)(ဌ)(ဍ) (ဏ)(ဒ)

၂။ (င) ခွဲခြားဆက်ဆံမှု ဆိုသည်မှာ မသန်စွမ်းမှုကို အကြောင်းပြု၍ နိုင်ငံရေး၊စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ ပြည်သူ့ရေးရာနှင့် အခြား နယ်ပယ် အသီးသီးတွင် အခြားသူများ နည်းတူ အသိအမှတ်ပြုရေးနှင့် သာတူညီမျှရရှိ ခံစားရေးတို့ကို အဟန့်အတား ဖြစ်စေသည့် ခွဲခြားခြင်း၊ လူမှုအဖွဲ့အစည်းတွင် ပါဝင် ဆောင်ရွက်ခြင်းမပြုနိုင်ရန် ဘေးဖယ်ချန်လှပ်ထားခြင်းနှင့် ပါဝင်လှုပ်ရှား ဆောင်ရွက်မှုကို ကန့်သတ်ထားခြင်းတို့ကို ဆိုသည်။

(ဌ) ပုဂ္ဂလိကပညာသင်အထူးကျောင်း ဆိုသည်မှာ မသန်စွမ်းသူများ၏ ပညာရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ပညာသင်ကြားပို့ချသည့် ပုဂ္ဂလိက သို့မဟုတ် ပုဂ္ဂလိက အဖွဲ့အစည်းနှင့် စေတနာ့ဝန်ထမ်း ပရဟိတပိုင်တက္ကသိုလ်၊ ဒီဂရီ ကောလိပ်၊ ကောလိပ်၊ သိပ္ပံ သို့မဟုတ် အခြေခံပညာကျောင်းများကို ဆိုသည်။

(ဍ) ပုဂ္ဂလိက အသက်မွေးမှု အထူးသင်တန်းကျောင်း ဆိုသည်မှာ မသန်စွမ်းသူများကို အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခုခုလုပ်ကိုင်နိုင်ရန် လေ့ကျင့်သင်ကြားပေးသည့်

ပုဂ္ဂလိက၊ ပုဂ္ဂလိကအဖွဲ့အစည်းနှင့် စေတနာ့ဝန်ထမ်း ပရဟိတပိုင်သင်တန်း သို့မဟုတ် ကျောင်း တစ်ခုခုကို ဆိုသည်။

(ဏ) ပိုင်ရှင်ဆိုသည်မှာ ပုဂ္ဂလိကအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်က တည်ထောင်ဖွင့်လှစ်ထားသော ပုဂ္ဂလိကပညာသင် အထူးကျောင်း၊ ပုဂ္ဂလိကအသက်မွေးမှု အထူး သင်တန်းကျောင်းနှင့် ပုဂ္ဂလိကပြန်လည်ထူထောင်ရေးဌာန တစ်ခုခု၏ ပိုင်ရှင် သို့မဟုတ် ထိုပိုင်ရှင်က တာဝန်ပေးသည့် စီမံခန့်ခွဲသူကို ဆိုသည်။

(ဒ) ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာနကို ဆိုသည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂(င)(၄)(ခ) (ဏ)(ဒ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(င)(၄)(ခ) (ဏ)(ဒ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၃(က)(ဃ)

၃။ (က) နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ မသန်စွမ်းသူများကို ပိုမို၍ ကြည့်ရှုစောင့်ရှောက် နိုင်ရန်၊

(ဃ) နိုင်ငံရေး၊ လူမှုရေးပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ရေးရာ စသည့် နယ်ပယ်အသီးသီးတွင် အခြားသူများနှင့် တန်းတူ လူမှုအဖွဲ့အစည်းတွင် ပေါင်းစည်းပါဝင်နိုင်ရန်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃(က)(ဃ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃(က)(ဃ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက် -

အပိုဒ် ၄(က) (၁)(၂)(၃)(၄)(၁၀)၊ အပိုဒ် ၇(ခ)

၄။ (က) (၁) ဒုတိယသမ္မတ တစ်ဦး ဥက္ကဋ္ဌ
ဟု ဖြည့်စွက်ထားပါတယ်။

(၂) ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဥက္ကဋ္ဌ(၁)
လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(၃) ဥက္ကဋ္ဌ ၊ ဒုတိယဥက္ကဋ္ဌ(၂)
မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်

(၄) ညွှန်ကြားရေးမှူးချုပ်၊ အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန

(၁၀) ဒုတိယဝန်ကြီး၊ အတွင်းရေးမှူး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်
နေရာချထားရေး ဝန်ကြီးဌာန

၇။ (ခ) ပုဒ်မခွဲ(က)အရ ချမှတ်ထားသောမူဝါဒနှင့် လမ်းညွှန် ချက်များနှင့်အညီ သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော် ကောင်စီ၊ စည်ပင်သာယာရေးကော်မတီ၊ စည်ပင်သာယာရေး အဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ မသန်စွမ်းမှု ဆိုင်ရာလုပ်ငန်း ဆောင်ရွက်နေသည့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်း ဆောင်ရွက်နေသော အဖွဲ့အစည်းနှင့်ပုဂ္ဂိုလ်များ၊ မသန်စွမ်းသူများ အသင်းအဖွဲ့ များ၊ မသန်စွမ်းမှု ဆိုင်ရာ လုပ်ငန်းကိုစိတ်ပါဝင်စားသည့် စေတနာ့ ဝန်ထမ်းအဖွဲ့အစည်းများ၊ သယ်ယူ ပို့ဆောင်ရေး အဖွဲ့အစည်းများ၊ သတင်းအချက်အလက်၊ ဆက်သွယ်ရေးနှင့် နည်းပညာ အဖွဲ့အစည်း များ၊ ပုဂ္ဂိုလ်များ၏ ဆောင်ရွက်မှုကို ပူးပေါင်းဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်လေ့လာ ကြီးကြပ်ခြင်း ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄(က)(၁)(၂) (၃)(၄)(၁၀)၊ အပိုဒ် ၇(ခ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄(က) (၁)(၂)(၃)(၄)(၁၀)၊ အပိုဒ် ၇(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၁၀၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄(ဆ)

၁၀။ မသန်စွမ်းသူများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာတို့ကို ထိခိုက် နစ်နာစေသော အပြုအမူနှင့် လုပ်ဆောင်မှုများကို တားမြစ်သည်။

၁၃။ အမျိုးသားကော်မတီသည် အမွေဆက်ခံထိန်းသိမ်းရန် အခက်အခဲရှိသော မသန်စွမ်းသူများ အတွက် အစီအမံများ ချမှတ်၍ ကာကွယ်စောင့်ရှောက်ရမည်။

၁၄။ (ဆ) ကျန်းမာရေးအတွက် စမ်းသပ်စစ်ဆေးခနှင့် ကုသစရိတ်များ၊ လက်သင်္ကေတပြ ဘာသာစကား စကားပြန်ဝန်ဆောင်စရိတ်၊ ပြည်တွင်းခရီးသွားရာတွင် အစိုးရနှင့် ပုဂ္ဂလိကပိုင် ရေယာဉ်ခ၊ လေယာဉ်ခ၊ ရထားခနှင့်ခရီးသည်တင်ကားခများကို သတ်မှတ်ချက်များနှင့်အညီ သက်သာခွင့်ရရှိရန်နှင့် မသန်စွမ်းသူကိုယ်တိုင်အသုံးပြုသည့် အထောက်အကူပြုပစ္စည်းများကိုအခမဲ့သယ်ယူခွင့်ရရှိရန် အမျိုးသားကော်မတီသည်သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ ပြည်ထောင်စုအစိုးရ အဖွဲ့၏ အတည်ပြုချက် ရယူဆောင်ရွက်ရမည်ဟု ပြင်ဆင် ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၀၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄(ဆ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၀၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄(ဆ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက် -

အပိုဒ် ၂၂၊ အပိုဒ် ၂၇ ခြေဆင်း၊ အပိုဒ် ၂၇(စ)

၂၂။ အမျိုးသားကော်မတီသည် သန်စွမ်းသူများနှင့် ပေါင်းစည်းပညာသင်ကြားနိုင်သည့် လူတိုင်းအကျုံးဝင် ပညာရေးစနစ်နှင့် ပညာရေးကောလိပ်များ၊ ပညာရေးတက္ကသိုလ်များတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများ ထည့်သွင်းသင်ကြားရန် လည်းကောင်း၊ မသန်စွမ်းမှု အမျိုးအစားအလိုက် သင်ကြားနည်းစနစ်များနှင့် တစ်ဦးကိုတစ်ဦး ဆက်သွယ်ခြင်းနည်းစနစ်များ သင်ယူနိုင်ရန် လည်းကောင်း ပညာရေးဝန်ကြီးဌာနသို့ ညွှန်ကြားရမည်။

၂၇။ ကျန်းမာရေးဝန်ကြီးဌာနသည် အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ အောက်ပါလုပ်ငန်းများကို ဆောင်ရွက် ရမည် - ဟု ပြင်ဆင်ထားပါတယ်။

၂၇။ (စ) အရွယ်ရောက်ပြီး ဉာဏ်ရည် မသန်စွမ်းသည့် အမျိုးသမီးများအတွက် လိုအပ်ချက်အရ မိဘ သို့မဟုတ် လက်ရှိအုပ်ထိန်းသူက ဆန္ဒပြုလျှင် မျိုးဆက်ပွားခြင်းကို ကျန်းမာရေးစောင့်ရှောက်မှု မူဝါဒနှင့်အညီ ဆောင်ရွက်ခွင့်ပြုခြင်းဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၂၊ အပိုဒ် ၂၇ ခြေဆင်း၊ အပိုဒ် ၂၇(စ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၂၊ အပိုဒ် ၂၇ ခြေဆင်း၊ အပိုဒ် ၂၇(စ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၃၅ ခြေဆင်း၊ အပိုဒ် ၃၅(က)(ခ)

၃၅။ အမျိုးသားကော်မတီသည် -

(က) သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းပြီး မသန်စွမ်းသူများအတွက် အခြားသူများ နည်းတူ တန်းတူညီမျှ အလုပ်လုပ်ကိုင်ခွင့် ရရှိရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေး၊ အလုပ်ခန့်ထားရာတွင် ခွဲခြားမှုမရှိရေး၊ အဓမ္မ အလုပ်စေခိုင်းမှု တားဆီးကာကွယ်ရေး၊ အလုပ်လုပ်နိုင်သော စွမ်းရည်အလိုက် လုပ်ခလစာနှင့် အကျိုးခံစားခွင့်များ တည်ဆဲဥပဒေနှင့်အညီရရှိရေး၊ သက်ဆိုင်ရာ အလုပ်

သမားအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိရေး၊ အသက်မွေးဝမ်းကျောင်း ပညာများ သင်ကြားခွင့်ရရှိရေး၊ ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းများ လုပ်ကိုင်နိုင်ရေး၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကလုပ်ငန်းများတွင် အလုပ် လုပ်ကိုင်ခွင့်ရရှိရေး၊ လုပ်ငန်းခွင်တွင် လွယ်ကူစွာ ဝင်ထွက်သွားလာ လုပ်ကိုင်နိုင်ရေး၊ သင့်လျော်သော နေရာထိုင်ခင်း သို့မဟုတ် အစီအစဉ်များ ဆောင်ရွက်ပေးရေးနှင့် ပြန်လည် ထူထောင်ရေးတို့အတွက် မူဝါဒနှင့် စီမံချက်များချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

(ခ) သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းပြီး မသန်စွမ်းသူများ၏ အလုပ်အကိုင် အခွင့်အလမ်းအတွက် အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက အသက်မွေးမှု အထူးသင်တန်း ကျောင်းများ ဖွင့်လှစ်သင်ကြားနိုင်ရေး အတွက် ဆောင်ရွက်ပေးရမည်ဟု ပြင်ဆင်ထား ပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၅ ခြေဆင်း၊ အပိုဒ် ၃၅(က)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၅ ခြေဆင်း၊ အပိုဒ် ၃၅(က)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၅၃(က)၊ အပိုဒ် ၅၇

၅၃။ (က) မှတ်ပုံတင် သက်တမ်းတိုးမြှင့်လိုပါကသက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း (၆၀) ကြိုတင်၍ သက်တမ်း တိုးမြှင့်ပေးရန် သက်ဆိုင်ရာ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ် မသန်စွမ်းသူများအသင်းမှတစ်ဆင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်သို့ လျှောက်ထားရမည်။

၅၇။ ပုဂ္ဂလိကပညာသင် အထူးကျောင်းကို ဖြစ်စေ၊ ပုဂ္ဂလိက အသက်မွေးမှု အထူးသင်တန်းကျောင်းများကို ဖြစ်စေ၊ ပုဂ္ဂလိက ပြန်လည်ထူထောင်ရေးဌာနကိုဖြစ်စေ၊ တည်ထောင်ဖွင့်လှစ်နေသူ သို့မဟုတ် တည်ထောင်ဖွင့်လှစ်လိုသူသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသို့ သတ်မှတ် ချက်များနှင့်အညီ ခွင့်ပြုမိန့် လျှောက်ထားရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅၃(က)၊ အပိုဒ် ၅၇ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅၃(က)၊ အပိုဒ် ၅၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၆ဝ

၆ဝ။ ပိုင်ရှင်တစ်ဦးဦးသည် ပုဂ္ဂလိက အသက်မွေးမှု အထူးသင်တန်းကျောင်းနှင့် ပုဂ္ဂလိက ပြန်လည် ထူထောင်ရေးဌာနတစ်ခုခုကို ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ရန် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း(၆ဝ) ကြိုတင်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးမှတစ်ဆင့် ဦးစီးဌာနသို့ လျှောက်ထားရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၆ဝ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆ဝ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၆၇(ခ)

၆၇။ (ခ) ဦးစီးဌာနက မသန်စွမ်းသူများအတွက် ပုဂ္ဂလိက ပညာသင်အထူးကျောင်း၊ ပုဂ္ဂလိက အသက်မွေးမှု အထူးသင်တန်းကျောင်းနှင့် ပုဂ္ဂလိက ပြန်လည် ထူထောင်ရေးဌာန

တစ်ခုခုကို တည်ထောင်ဖွင့်လှစ် လိုသူအား ခွင့်ပြုမိန့်ထုတ်ပေးရန် လျှောက်ထားချက်ကို ပုဒ်မ ၅၉၊ ပုဒ်မခွဲ (က) အရငြင်းပယ်ခြင်း သို့မဟုတ် ပုဒ်မ ၆၁ အရ ခွင့်ပြုမိန့် သက်တမ်း တိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၆၇(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆၇(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၆၉(ဃ)၊ အပိုဒ် ၇၁

၆၉။ (ဃ) ပုဂ္ဂလိကပညာသင် အထူးကျောင်းများ၊ ပုဂ္ဂလိက အသက်မွေးမှု အထူးသင်တန်းကျောင်းများနှင့် ပုဂ္ဂလိက ပြန်လည်ထူထောင်ရေးဌာနများ တည်ထောင် ဖွင့်လှစ်ရန် ခွင့်ပြုမိန့် ထုတ်ပေးခြင်းနှင့် သက်တမ်း တိုးမြှင့်ပေးခြင်းတို့မှ ရရှိသော အခကြေးငွေများ၊

၇၁။ ပုဒ်မ ၇၀ အရ ဖွဲ့စည်းသည့် ရန်ပုံငွေ စီမံခန့်ခွဲရေး အဖွဲ့သည် ရန်ပုံငွေကို ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ ပြုရမည့်အပြင် နှစ်စဉ်ဘဏ္ဍာရေး ရှင်းတမ်းနှင့် အရအသုံးငွေစာရင်း ရှင်းတမ်းများ ပြုစု၍ အမျိုးသားကော်မတီသို့ တင်ပြရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၆၉(ဃ)၊ အပိုဒ် ၇၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆၉(ဃ)၊ အပိုဒ် ၇၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၇၃(က)

၇၃။ (က) ပုဂ္ဂလိကပညာသင် အထူးကျောင်း၊ ပုဂ္ဂလိကအသက်မွေးမှု အထူးသင်တန်း ကျောင်း၊ ပုဂ္ဂလိက ပြန်လည်ထူထောင်ရေး ဌာနများအား ဤဥပဒေအရ ခွင့်ပြုမိန့်မရှိဘဲ တည်ထောင် ဖွင့်လှစ်ခြင်း မပြုရ ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၇၃(က) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၇၃(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် - အပိုဒ် ၉၁၊ အပိုဒ် ၉၂ (က)(ခ)

၉၁။ ရန်ပုံငွေအတွက်ဖြစ်စေ၊ မသန်စွမ်းသူနှင့် သက်ဆိုင်သည့် ပရဟိတအဖွဲ့များနှင့် မသန်စွမ်းသူ အသင်းအဖွဲ့များသို့ ဖြစ်စေ၊ လှူဒါန်းထောက်ပံ့သော ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းတို့သည် တည်ဆဲ ဝင်ငွေခွန် ဥပဒေအရ ဝင်ငွေခွန်ကို သတ်မှတ်ချက်များနှင့်အညီ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ရှိသည်။

၉၂။ (က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) အမျိုးသားကော်မတီနှင့် ဝန်ကြီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ဦးစီးဌာနသည် အမိန့်နှင့် ညွှန်ကြားချက်များကို လည်းကောင်း ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၉၁၊ အပိုဒ် ၉၂ (က)(ခ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၉၁၊ အပိုဒ် ၉၂ (က)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် -

ပြည်သူ့လွှတ်တော်က အပိုဒ် ၃၄၊ အပိုဒ် ၄၁၊ အပိုဒ် ၆၂ တို့ကို မူလအဆိုပြုချက်အတိုင်း ထားရှိရန် ဟု တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၂၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများ အထူး ထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၇။**

**ဦးတင်ယု (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးတင်ယု ဖြစ်ပါတယ်။ ကော်မတီဥက္ကဋ္ဌကြီးရဲ့ တာဝန်ပေးချက်အရ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာအား ကော်မတီကိုယ်စား ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏

မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများအထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းအပေါ်

စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊၁/အမ(ကော်မတီ-၁)၁/၂၀၁၅-၂၂၆

ရက်စွဲ ၊ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၂ ရက်

၁။ ပြည်သူ့လွှတ်တော်က မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများအထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းကို ၁၉-၃-၂၀၁၅ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်း ဆိုင်ရာဥပဒေကြမ်းကို ၁-၄-၂၀၁၅ ရက်နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြား ခြင်းဆိုင်ရာ ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၂၊ ပုဒ်မခွဲ (ခ) တွင် ပါရှိသော အငြင်းပွားမှုများအား ဤဥပဒေကို အထောက်အထားပြု၍ ဆုံးဖြတ်ရမည်ဆိုသည့်စကားရပ်ကို ဥပဒေအရေးအသား ညီညွတ်မှုရှိစေရန်အတွက် အငြင်းပွားမှုများကို ဤဥပဒေနှင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေတို့နှင့်အညီ ဆုံးဖြတ်ရမည်ဆိုသည့်စကား ရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ)နှင့် ပုဒ်မ ၉၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) ဖော်ပြ ထားသော အသက် ၂၀နှစ် ဆိုသည့် စကားရပ်ကို အသက် (၁၈)နှစ် ဆိုသည့် စကားရပ် ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၊ ပုဒ်မခွဲ(က)တွင် ဖော်ပြထားသည့် စကားရပ်များအစား နှစ်ဦးစလုံးမှာ စိတ်ပေါ့သွပ်ခြင်းမရှိသူဖြစ်ရမည်။ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၊ ပုဒ်မခွဲ(ဃ)တွင် ဖော်ပြထားသည့် စကားရပ်များအစား မိန်းမသည် မပြတ်စဲသော တရားဝင် လင်ယောကျ်ားမရှိသူ ဖြစ်ရမည် ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၄၊ ပုဒ်မခွဲ(င)တွင် ဖော်ပြထားသည့် စကားရပ်များအစား ယောကျ်ားသည် မပြတ်စဲသော တရားဝင်မိန်းမ

မရှိသူဖြစ်ရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) ဥပဒေရေးထုံးမှန်ကန်မှု ရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၁၃၊ ပုဒ်မခွဲ(င)တွင် ဖော်ပြထားသော စကားရပ်များ အစား ထိုအမိန့်ကို ကျေနပ်မှု မရှိပါက တည်ဆဲဥပဒေနှင့် အညီ အယူခံဝင်ခွင့်ရှိသည် ဆိုသည့်စကားရပ်ဖြင့်လည်း ကောင်း၊ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(င)တွင် ဖော်ပြထားသော မိန်းမကို နည်းအမျိုးမျိုးဖြင့် ဗုဒ္ဓဘာသာ ကိုးကွယ် ယုံကြည်မှုကို စွန့်လွှတ်စေပြီး ဆိုသည့်စကားရပ်ကို မိန်းမ၏ဗုဒ္ဓ ဘာသာကိုးကွယ်ယုံကြည်မှုကို တစ်နည်းနည်းဖြင့် စွန့်လွှတ်စေပြီး ဆိုသည့်စကားရပ် ဖြင့်လည်းကောင်း၊ ပုဒ်မ ၂၀ တွင် ဖော်ပြထားသော ဥပဒေ သို့မဟုတ် ဓလေ့ ထုံးတမ်း က ဆိုသည့် စကားရပ်ကို အခြားတည်ဆဲဥပဒေ သို့မဟုတ် ဓလေ့ထုံးတမ်းက ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၂၁၊ ပုဒ်မခွဲ(ခ)ကို ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ခ)အဖြစ် ပြောင်းလဲ အမှတ်စဥ်ပြီး ယင်းတွင် ဖော်ပြထားသော မည်သည့် ကာလတွင်မဆို ဤဥပဒေအရ မှတ်ပုံတင် အရာရှိထံ ဆိုသည့်စကားရပ်ကို မည်သည့် ကာလတွင်မဆို ဤ ဥပဒေအရ တစ်ဦးဦးက မှတ်ပုံတင် အရာရှိ ထံ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) ပြည်သူ့လွှတ်တော်ကအတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၂၂ (ဆ)ကို ပုဒ်မ ၂၃(ဆ) အဖြစ် ပြောင်းလဲအမှတ်စဥ်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား မြို့နယ်တရားရုံးက ချမှတ်သော အမိန့်ကို တည်ဆဲဥပဒေနှင့် အညီအယူခံခွင့်ရှိသည် ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ၂၇ တွင် ဖော်ပြထားသော ယောကျ်ားက မိန်းမကို ကွာရှင်းလိုလျှင် ကွာရှင်းနိုင်သည် ထိုအကြောင်းကြောင့် ယောကျ်ားက မိန်းမကိုကွာရှင်းလျှင် သို့မဟုတ် စွန့်ခွာလျှင် ဆိုသည့်စကားရပ်ကို ယောကျ်ားက မိန်းမကိုကွာရှင်းလျှင် သို့မဟုတ် စွန့်ခွာလျှင် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

(ဃ) ဥပဒေရေးထုံးညီညွတ်မှုရှိစေရန်နှင့် ခေတ်ကာလနှင့်လျော်ညီသော ပြစ်ဒဏ်များ ချမှတ် နိုင်ရန်အတွက် ပုဒ်မ ၃၂ တွင် ဖော်ပြထားသော စကားရပ်များအစား မည်သူမဆို ပုဒ်မ ၁၁ သို့မဟုတ် ပုဒ်မ ၁၃ အရ ကန့်ကွက်ခြင်းကို သဘောရိုးနှင့် ကန့်ကွက်ခြင်း မဟုတ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ကန့်ကွက်သူကို ကျပ်ငါးသိန်း ထက်မပိုသော ငွေဒဏ် ချမှတ်ရမည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၃၄ တွင်ဖော်ပြထားသော ငါးနှစ်ထက်မပိုသော ထောင်ဒဏ် ဆိုသည့်စကားရပ်ကို နှစ်နှစ်ထက် မပိုသော ထောင်ဒဏ် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၃၅ တွင် ဖော်ပြထားသော စကားရပ်များ အစား ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားသည် ပုဒ်မ ၁၉ ပုဒ်မခွဲ(စ)၊ ပုဒ်မခွဲ(ဆ)နှင့် ပုဒ်မခွဲ(ဇ) ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း

ခံရလျှင်ထိုသူကို နှစ်နှစ်ထက် မပိုသောထောင်ဒဏ် ချမှတ်ရမည့်အပြင် ကျပ်တစ်ဆယ့်ငါးသိန်းထက် မပိုသော ငွေဒဏ်လည်းချမှတ်ရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၃၆ တွင်ဖော်ပြထားသော စကားရပ်များအစား မည်သူမဆိုပုဒ်မ ၆ပါ လျှောက်လွှာပုံစံတွင် မဟုတ်မမှန်သည်လည်းဖြစ်၍ မဟုတ်မမှန်ဟု မိမိသိသည်လည်းဖြစ်သော သို့မဟုတ်ယုံကြည်သည်လည်းဖြစ်သော ဖော်ပြချက်ကို သော်လည်းကောင်း၊ သက်သေခံလက်မှတ်ကို သော်လည်းကောင်း ပြုလုပ်ခြင်း သို့မဟုတ် လက်မှတ်ရေးထိုးခြင်း သို့မဟုတ် မှန်ကန်ကြောင်း သက်သေခံခြင်း ပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ် ရပ်လုံး ဖြစ်စေ ချမှတ်ရမည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၃၇ တွင် ဖော်ပြထားသော ထိမ်းမြားပေးလျှင် ထိုအရာရှိကို ခြောက်လ ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ ဆိုသည့်စကားရပ်ကို ထိမ်းမြားပေးကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုအရာရှိကို ခြောက်လ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ အသီးသီး အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(င) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၂၃ ကို ပုဒ်မ ၂၁ အဖြစ်လည်းကောင်း၊ ပုဒ်မ ၂၄ ကို ပုဒ်မ ၂၆ အဖြစ်လည်းကောင်း ပြောင်းလဲအမှတ်စဥ်၍ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(ဂ)၊ အခန်း(၇)အခန်းခေါင်းစဥ်၊ ပုဒ်မ ၂၇၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၂၉၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၄)၊ ပုဒ်မ ၂၉၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၃)၊ ပုဒ်မ ၃၈ တို့ကို မလိုအပ်၍ ပယ်ဖျက်ပြီး မြန်မာစာစာလုံးပေါင်းသတ်ပုံ နှင့် ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်အတွက် ပြင်ဆင်သင့်သည်များကို ပြင်ဆင်အစားထိုး၍ ပြောင်းလဲသွားသည့် ပုဒ်မများ၊ ပုဒ်မခွဲများနှင့် အခန်းခေါင်းစဥ်များကို ပြန်လည်စိစစ်ထားပြီးဖြစ်ပါကြောင်း တစ်ပါတည်း တင်ပြအပ်ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ညှိနှိုင်း ဆွေးနွေးခဲ့ပြီး ပြင်ဆင်ထားခြင်းဖြစ်ပါ၍ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအစီရင်ခံအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့ လာသော မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၃-၅-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၄၅) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၄၆) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ မေလ ၁၂ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့ကို ၁၁း၃၆ နာရီအချိန်တွင် ရပ်နားပါသည်။]